# ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၇)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော နှစ်ပတ်လည်အထွေထွေအစည်းအဝေး၌ အတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်များအား အသိပေးကြေညာခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်)ကုမ္ပဏီလီမိတက် (ကုမ္ပဏီ) ဒါရိုက်တာအဖွဲ့သည် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၁၂)ရက်နေ့စွဲဖြင့် နှစ်ပတ်လည်အထွေထွေအစည်းအဝေး အသိပေးကြေညာချက်တွင် ဖော်ပြထားသော အောက်ဖော်ပြပါ အခြေခံဆုံးဖြတ်ချက်များအား ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၇)ရက်နေ့တွင် ပြုလုပ်ခဲ့သော ကုမ္ပဏီ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေး၌ အစုရှယ်ယာရှင်များမှ လက်ထောင်၍ သဘောတူဆုံးဖြတ်ခဲ့ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | **ဆုံးဖြတ်ချက်** | **ရလဒ်** |
|---|---|---|
| ၁။ | ကုမ္ပဏီ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးရှင်းတမ်းနှင့် ဒါရိုက်တာအဖွဲ့အစီရင်ခံစာအား အတည်ပြုခြင်း | အတည်ပြုသည် |
| ၂။ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကုမ္ပဏီမှအဆိုပြုထားသော အမြတ်ဝေစုအား အတည်ပြုခြင်း | အတည်ပြုသည် |
| ၃။ | ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့အတွက် ဒါရိုက်တာများအား ရွေးချယ်ခန့်အပ်ခြင်း | အတည်ပြုသည် |
| | - *ရွေးချယ်ခန့်အပ်ခံရသော ဒါရိုက်တာများ - ဦးသိမ်းဝေ၊ ဦးကြည်အေး၊ ဦးညွန့်တင် ၊ ဦးကျော်ရင်လှိုင်* | |
| ၄။ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏စာရင်းစစ်အဖြစ် V Advisory Limited ခန့်အပ်ခြင်းအား အတည်ပြုခြင်း | အတည်ပြုသည် |

FMI ကုမ္ပဏီသည် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီး၌ အစုရှယ်ယာရှင်များက အတည်ပြုခဲ့သည့်အတိုင်း အစုရှယ်ယာတစ်စုလျှင် အမြတ်ဝေစု ကျပ် ၁၃၅/- အား **၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၃၀)ရက်နေ့** မှစတင်၍ အစုရှယ်ယာရှင်များသို့ ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ လိုင်စင်ရ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတွင် စာရင်းဖွင့်လှစ်ထားသော အစုရှယ်ယာရှင်များအနေဖြင့် အဆိုပါအမြတ်ဝေစုကို မိမိတို့စာရင်းဖွင့်လှစ်ထားသည့် ငွေချေးသက်သေခံကုမ္ပဏီများမှ တဆင့် လက်ခံရရှိမည် ဖြစ်ပါသည်။ ငွေချေးသက်သေခံလက်မှတ်စာရင်း ဖွင့်လှစ်ထားခြင်းမရှိသေးသည့် အစုရှယ်ယာရှင်များသည် မိမိတို့၏အမြတ်ဝေစုများအား ထုတ်ယူနိုင်ရန် အောက်တွင်ဖော်ပြထားသည့်အတိုင်း ဤကုမ္ပဏီ၏ ရုံးခန်းသို့ လာရောက်ကြရန် လိုအပ်ပါသည်။

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm

လိပ်စာ -
FMI Centre, ၁၀-ထပ်၊
အမှတ်-၃၈၀၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၂၄၀၃၆၃

ဒါရိုက်တာအဖွဲ့အမိန့်အရ

ထွန်းထွန်း
အလုပ်အမှုဆောင်ဒါရိုက်တာ
၂၀၁၆ ခုနှစ်၊ ဩဂုတ် (၇) ရက်။

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm